## အပြည်ပြည်ဆိုင်ရာဥပဒေ - အများပြည်သူ ရှေ့မှောက် ကြားနာစစ်ဆေးခံပိုင်ခွင့်

**၂၀၂၂ ခုနှစ်၊ မေလ**

CENTRE FOR LAW AND DEMOCRACY

ဥပဒေနှင့် ဒီမိုကရေစီစင်တာ

info@law-democracy.org
+1 902 431-3688
www.law-democracy.org

# ပြည်သူ့ရှေ့မှောက် တရားစီရင်ခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများ

ပြည်သူ့ရှေ့မှောက် တရားစီရင်ခြင်းဟူသည် အမှုတစ်ခုကို ကြားနာစစ်ဆေးနေစဉ် အများပြည်သူအား ဝင်ရောက်လေ့လာခွင့်ပေးကာ တရားစီရင်ရေးမဏ္ဍိုင်အပေါ် ပြည်သူတို့ ယုံကြည်မှုခိုင်မာလာစေရန် ဖန်တီးပေးနိုင်သော အရေးကြီးနည်းလမ်းတစ်ခုဖြစ်၏။ တရားစီရင်မှုများကို ပုံမှန်အားဖြင့် အများပြည်သူတို့ထံ ပွင့်လင်း မြင်သာစွာ ချပြသင့်ပြီး၊ မီဒီယာများအနေဖြင့်လည်း အမှုတွဲများနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ သတင်းပေးပို့ ပိုင်ခွင့်နှင့် ပြည်သူလူထုထံ လွတ်လပ်စွာ သတင်းဖြန့်ဝေပိုင်ခွင့် ရှိသင့်၏။ ထိုသို့ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုပိုင်ခွင့်နှင့် သတင်းရယူပိုင်ခွင့်နှစ်မျိုးလုံးကို သတင်းသမားတို့က တစ်သမတ်တည်း ရရှိနေသင့်၏။

ပြည်သူ့ရှေ့မှောက် အစစ်ဆေးခံပိုင်ခွင့်အတွက် *အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း* (UDHR) အပိုဒ် ၁၀ ၌ "လူတိုင်းသည် ၎င်း၏အခွင့်အရေးနှင့် တာဝန်ရှိမှုများကို အဆုံးအဖြတ်ခံရာတွင်ဖြစ်စေ, ၎င်းအပေါ် ပြစ်မှုကြောင်းအရ စွပ်စွဲချက်ကို အဆုံးအဖြတ်ခံရာတွင်ဖြစ်စေ လွတ်လပ်၍ ဘက်လိုက်မှု မရှိသော တရားရုံး တစ်ရပ်က **အများပြည်သူရှေ့မှောက်တွင် တရားမျှတစွာ ကြားနာ စစ်ဆေးခြင်းကို** တန်းတူရည်တူ အပြည့်အဝ ရပိုင်ခွင့်ရှိသည်"၊ အပိုဒ်ခွဲ ၁၁(၁) ၌ "ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုခံရသော လူတိုင်းသည် စွပ်စွဲခံရ သည့် ပြစ်မှုအတွက် ခုခံချေပရန်လိုအပ်သည့် အာမခံချက်ရှိသော, **အများပြည်သူ ရှေ့မှောက်၌ စစ်ဆေးသော တရားရုံးက** ဥပဒေနှင့်အညီ ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်မှု မခံရမချင်း အပြစ်မဲ့သူ ဟူ၍ မှတ်ယူခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်" ဟူ၍ ထည့်သွင်းပြဋ္ဌာန်းပေးထား၏။ [အလေး ပေးဖော်ပြရန်]

ထိုရပိုင်ခွင့်သည် မျှတစွာ ကြားနာသော အမှုတွဲများအဖြစ် အစစ်ဆေးခံပိုင်ခွင့်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း *နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာနိုင်ငံတကာစာချုပ်* (ICCPR) အပိုဒ်ခွဲ ၁၄(၁) ၌ ဤသို့ အာမခံထား၏။

> "တရားရုံးနှင့် ခုံရုံးရှေ့မှောက်တွင် အားလုံးသာတူညီမျှ ရှိရမည်။ ပြစ်မှုကြောင်းအရ တရားစွဲဆို ဆုံးဖြတ်ရာတွင် ဥပဒေကြောင်းအရ ဖွဲ့စည်းထားသော စွမ်းရည်ပြည့်ဝသော, လွတ်လပ်၍ ဘက်မလိုက်သည့် ခုံရုံး ရှေ့မှောက်တွင် လူတိုင်းအတွက် မျှတသော လူထုကြားနာခွင့်ရှိသည်။"

ယင်း၌ 'ပြစ်မှုကြောင်းအရ' ဟု ရည်ညွှန်းသော်လည်း ပြည်တွင်းဥပဒေ၌ တရားဝင်သတ်မှတ်သည့် 'ရာဇဝတ်မှု' ဆိုင်ရာ စွဲချက်များနှင့်သာ သက်ဆိုင်သည်ဟု မဆိုလိုချေ။ စင်စစ် ထိုအမှု၏ "ရည်ရွယ်ချက်, စရိုက်လက္ခဏာ (သို့)

ပြင်းထန်မှု" အပေါ်အခြေခံ၍ ရာဇဝတ်မှုအဖြစ် သတ်မှတ်ခံရသော စွဲချက်များနှင့်လည်း အကျုံးဝင်၏။"[1] အဆိုပါ ရပိုင်ခွင့်သည် ဥပမာ- ပဋိညာဉ်, ပိုင်ဆိုင်မှုနှင့် တရားမနစ်နာမှု စသည့် အချို့သော အရပ်ဘက်နှင့် အုပ်ချုပ်ရေးဘက်ဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်များ၌ ပါဝင်သော 'တရားစွဲဆိုခြင်း' များအတွက်လည်း အကျုံးဝင်၏။

မူလကပင် ရာဇဝတ်ပြစ်မှုမြောက်သော အမှုများအတွက် နိုင်ငံတကာဥပဒေနှင့်အညီ နှုတ်ဖြင့် ကြားနာစစ်ဆေးရန် လိုအပ်လျှင် တရားဝင်လေ့လာသူများ သို့မဟုတ် မိသားစုဝင်များ စသည်ဖြင့် ပုဂ္ဂိုလ်အမျိုးအစားအလိုက် ခွဲခြားခွင့်ပြုခြင်းမျိုး မဟုတ်ဘဲ အများပြည်သူအားလုံးအတွက်ပါ ခွင့်ပြုပေးထားသည်ဟု မှတ်ယူရမည်။.

ပြည်သူ့ရှေ့မှောက် တန်းတူညီမျှ အစစ်ဆေးခံပိုင်ခွင့်သည် အရပ်ဘက်တရားရုံးများသာမက စစ်ဘက် (သို့) အထူးတရားရုံးများ (ဥပမာ- အကြမ်းဖက်သမားဟု သံသယရှိသူများအတွက် သီးသန့် ခြွင်းချက်ဖြင့် တည်ထောင်ထားသော တရားရုံးများ)နှင့်လည်း အကျုံးဝင်၏။ စင်စစ် ယင်းတရားရုံးများသည် ICCPR ပြဋ္ဌာန်းချက် အပိုဒ် ၁၄ ၌ ဖော်ပြထားသော လူတိုင်းအတွက် မျှတသော တရားစီရင်မှုဆိုင်ရာ အာမခံချက်များအားလုံးနှင့် သက်ဆိုင်၏။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခများ၌ပင် လုံခြုံရေးဆိုင်ရာ မျှတမှုအတွက် ခြွင်းချက်မရှိ ပြည်သူ့ရှေ့မှောက် အစစ်ဆေးခံပိုင်ခွင့် အပါအဝင် မျှတသော တရားရေးအခြေခံ အာမခံချက်များကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ ဓလေ့စံနှုန်းအဖြစ် မှတ်ယူအပ်၏။ အရပ်သားများအတွက် စစ်ဘက်တရားရုံးများ၌ အထူးသဖြင့် သမာသမတ်ကျမှု, လွတ်လပ်မှုတို့ အပါအဝင် လိုအပ်နေသော မျှတသည့် တရားရေးအာမခံချက်ရရန် ကြိုးပမ်းရာ၌ သိသာထင်ရှားသော လက်တွေ့စိန်ခေါ်မှုများ ရှိနေသေးရာ ရလဒ်အနေဖြင့် ယင်းတို့မှာ မျှတသော တရားရေးအာမခံချက်များကို ချိုးဖောက်ခြင်းနှင့် အမြဲလိုလို ဆက်စပ်နေတတ်၏။ ထိုအချက်ကြောင့် ဖော်ပြပါ အခြေခံမှုများကို လိုက်နာသောအားဖြင့် အလွန်ထူးခြားအခြေအနေများမှတစ်ပါး အခြားအကြောင်းပြချက်ဖြင့် စစ်ခုံရုံးများ၌ အရပ်သားများကို စစ်ဆေးရန် မသင့်လျော်ချေ။ ထို့ပြင် စစ်ဘက်ဆိုင်ရာ (သို့) လုံခြုံရေးဝန်ထမ်းများသည် တရားခွင်၌ လုံခြုံချောမွေ့စွာ လုပ်ငန်းလည်ပတ်နိုင်ရန် လိုအပ်ချက်ထက်ကျော်လွန်၍ အထူးသဖြင့် သတင်းထောက်များ (သို့) အများပြည်သူတို့ မတက်ရောက်နိုင်အောင် ဟန့်တားရန်, ခြိမ်းခြောက်ရန် ရည်ရွယ်လျက် မည်သည့်တရားခွင်အတွင်း သို့မဟုတ် အနီးဝန်းကျင်၌မဆို ရှိနေခြင်းသည် တရားမဝင်ချေ။

ခြွင်းချက်ဖြင့် သီးသန့်တရားရုံးများ တည်ထောင်ရန် ရှင်းလင်းတိကျသော ပြည်တွင်းဥပဒေအခြေခံ မရှိသေး၍ လျှို့ဝှက်တရားရုံးစနစ်ကို ကျင့်သုံးခြင်းသည် "ဥပဒေကြောင်းအရ ဖွဲ့စည်းထားသော" တရားရုံးနှင့် ခုံရုံးဖြစ်ရမည်ဟူသော ICCPR ပြဋ္ဌာန်းချက် အပိုဒ်ခွဲ ၁၄(၁) ၏ လိုအပ်ချက်နှင့်လည်း ကိုက်ညီခြင်း မရှိချေ။

အကျဉ်းထောင်များအတွင်း တရားခွင်များ ဖွင့်လှစ်ခြင်းမှာ *မူလသဘောအရ* ပြည်သူ့ရှေ့မှောက် မျှတစွာ စစ်ဆေးခံပိုင်ခွင့်ကို တားဆီးခြင်း မဟုတ်သည့်တိုင် လက်တွေ့၌ ပြည်သူတို့ ဝင်ရောက်ကြားနာခွင့်ကို အတိုင်းအတာတစ်ခုအထိ ဖယ်ထုတ်ပစ်နိုင်၏။ အကျဉ်းထောင်ဝင်ခွင့်ကို တရားဝင် ကန့်သတ်လိုက်လျှင် ပြည်သူတို့ ဝင်ရောက်ကြားနာ

---

[1] ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၊ *အထွေထွေ မှတ်ချက်အမှတ် ၃၂ (အပိုဒ် ၁၄ - တရားရုံးနှင့် ခုံအဖွဲ့မတိုင်မီ တန်းတူညီစွာ ရှိခွင့်နှင့် မျှတသော စစ်ဆေးစီရင်ခွင့်)*၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့၊ CCPR/C/GC/32, အပိုဒ် ၁၅။

ခွင့်လည်း တစ်ပါတည်း ပိတ်ပင်ခံရ၏။ သို့တိုင် တရားဝင် ဝင်ရောက်ခွင့်ပြုလျှင်ပင် ယင်းနေရာမျိုးကို တရားခွင်အဖြစ် ရွေးချယ်သဖြင့် လက်တွေ့၌ ပြည်သူတို့ ဝင်ရောက်ကြားနာရန် မလွယ်ကူတော့ရာ ရပိုင်ခွင့်ကို ပိတ်ပင်သည့်သဘောရောက်၏။ အကျဉ်းထောင်အတွင်း တရားခွင်တည်နေရာနှင့် ယင်းနေရာသို့ မည်သို့ ဝင်ရောက်ရမည်ကို မိသားစုဝင်များနှင့် ပြည်သူလူထု ကျယ်ပြန့်စွာ သိနိုင်စေရန် ကြိုးစားအားထုတ်သင့်၏။ သယ်ယူပို့ဆောင်ရေး ခက်ခဲသော (သို့) လူသူအရောက်အပေါက်နည်းသော အလွန် ဝေးလံသည့် နေရာများ၌ အမှုတွဲများ ဆင်ကာ တရားစွဲဆိုခြင်းမှာ ပြည်သူ့ရှေ့မှောက် အစစ်ဆေးခံပိုင်ခွင့်နှင့် မကိုက်ညီချေ။ တရားခွင်သို့ တက်ရောက်လာသူတို့ လုံခြုံရေးအတွက် ကြောင်းကျိုးညီမျှ ရှာဖွေစစ်ဆေးခြင်း၊ သင့်လျော်သော လုံခြုံရေးအစီအမံများ ချမှတ်ခြင်းတို့မှာ တရားဝင်သော်လည်း ပြည်သူ့ရှေ့မှောက် အစစ်ဆေးခံပိုင်ခွင့် ပျက်ပြားစေရန် ရည်ရွယ်လျက် တမင်ဆောင်ရွက်လျှင်မူ မသင့်လျော်ပေ။ ဥပမာ- လုံခြုံရေးအန္တရာယ် မြင့်မားသည့်နေရာများ၌ တရားစီရင်မှု မစတင်မီ လုံခြုံရေးစစ်ဆေးရန် တစ်နေ့တာ၏ အသင့်လျော်ဆုံးအချိန်တွင် အမှုတွဲ တင်ကာ တရားစွဲဆိုသင့်၏။ တရားခွင်တည်နေရာ (သို့) အခြားအကြောင်းကြောင့် ပြည်သူတို့ ကြားနာခွင့်ကို ပိတ်ပင်ရာရောက်လျှင် တာဝန်ရှိသော အာဏာပိုင်တို့အနေဖြင့် ဥပမာ- ပြည်သူ့ရှေ့မှောက် အစစ်ဆေးခံပိုင်ခွင့်အတွက် ခွင့်ပြုထားသော ခြွင်းချက်များကို အခြေခံလျက် တရားခွင်တည်နေရာ ရွေးခြယ်ခြင်းအပါအဝင် လိုအပ်ချက်မှန်သမျှကို မျှတအောင် ဖြည့်ဆည်းပေးရမည်။

တရားခွင်တွင် အများပြည်သူ တည်ရှိမှုသဘာဝအတွက် မေးခွန်းထုတ်စရာမလိုအောင် ICCPR အပိုဒ်ခွဲ ၁၄(၁) ၌ “အရွယ်မရောက်သေးသူတို့ အကျိုးစီးပွား (သို့) အိမ်ထောင်ရေးအငြင်းပွားမှုဆိုင်ရာ (သို့) ကလေးများ အုပ်ထိန်းပိုင်ခွင့်ဆိုင်ရာ တရားစွဲဆိုမှုများမှတစ်ပါး" တရားခွင်၏ အပြီးသတ်ဆုံးဖြတ်ချက်အား အမြဲတမ်း လူသိရှင်ကြား ထုတ်ပြန်သင့်ကြောင်း ပြဋ္ဌာန်းထား၏။ ယင်း၌ အပြီးသတ်ဆုံးဖြတ်ချက်အပြင် သက်သေအထောက်အထားများ၊ အဓိကတွေ့ရှိချက်များနှင့် ဆင်ခြင်သုံးသပ်ချက်များကိုပါ တစ်ပါတည်း ထုတ်ပြန်ရန် ထည့်သွင်းပြဋ္ဌာန်းထား၏။

## ပြည်သူ့ရှေ့မှောက် အစစ်ဆေးခံပိုင်ခွင့်အတွက် ခြွင်းချက်များ

ICCPR အပိုဒ်ခွဲ ၁၄(၁) ၌ ပြည်သူ့ရှေ့မှောက် အစစ်ဆေးခံပိုင်ခွင့်ကို ခြွင်းချက်မရှိ ကျင့်သုံးရန် မဟုတ်ဘဲ ထူးခြားသော အခြေအနေတချို့အတွက် ကန့်သတ်ချက်ပြုနိုင်ကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းပေးထား၏။

> “ကိုယ်ကျင့်သိက္ခာ၊ (ပုဂ္ဂလိကနိုင်ငံတကာဥပဒေအရ) ဒီမိုကရက်လူ့ဘောင် တည်ငြိမ်အေးချမ်းရေး (သို့) အမျိုးသားလုံခြုံရေး (သို့) ပါတီ(အဖွဲ့အစည်းများ)၏ ပုဂ္ဂိုလ်ရေးဘဝ အကျိုးစီးပွားအတွက် လိုအပ်လျှင် (သို့) တရားမျှတမှုအကျိုးရလဒ်ကို လူသိရှင်ကြား နစ်နာစေမည့် အခြေအနေထူးများ၌ တရားရုံး၏ ထင်မြင်ယူဆချက်ကို တင်းကြပ်စွာထိန်းသိမ်းထားရန် လိုအပ်သော အတိုင်းအတာအထိစသည့် အကြောင်းအမျိုးမျိုးကြောင့် စာနယ်ဇင်းများနှင့် အများပြည်သူတို့ကို တရားခွင်၏ တစ်စိတ်တစ်ပိုင်း (သို့) အားလုံးသို့ ဝင်ရောက်ကြားနာခွင့်အား ပယ်ဖျက်နိုင်သည်။”

ပြည်သူ့ရှေ့မှောက် အစစ်ဆေးခံပိုင်ခွင့်ကို ကန့်သတ်မှုမှန်သမျှမှာ လုပ်ထုံးမှန်နှင့် ဆန့်ကျင်နေသဖြင့် ခြွင်း ချက်ဖြင့်သာ ဆောင်ရွက်ရန်ဖြစ်ပြီး၊ ICCPR အပိုဒ်ခွဲ ၁၄(၁) ပါ တရားဝင် အကျိုးစီးပွားနယ်ပယ်အတွင်း အကျုံးဝင်သော

အဆိုပါ အထူးသီးသန့် စစ်ဆေးမှုအခြေအနေများအရ တရားမျှတမှု ရှိစေရမည်။  မြန်မာနိုင်ငံ အင်းစိန်အကျဉ်းထောင်အတွင်း လျှို့ဝှက်ရုံးတင်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ *မတရားသဖြင့်ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့* (UN-WGAD)က "အကြောင်းပြချက် အခိုင်အမာမရှိဘဲ အထူးတရားရုံး မျက်မှောက်၌ သာမန်ပြစ်မှုဆိုင်ရာ စွဲချက်များကို တံခါးပိတ်တရားစီရင်ခြင်းမှာ လူ့အခွင့်အရေးကြေညာ စာတမ်းပါ စည်းမျဉ်းများအပြင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်ပါ ကိုက်ညီမှုမရှိ"  ဟု မှတ်ချက်ချ၏။[2] လုပ်ထုံးအရ အမှုတစ်ခုလုံး (သို့) တစ်စိတ်တစ်ပိုင်းကို လျှို့ဝှက်ကြားနာရန် (သို့) အပြီးသတ်ဆုံးဖြတ်ချက်ကို အများသိရန် ထုတ်ပြန်ခြင်းအား ပိတ်ပင်ရန် လိုအပ်လျှင် 'မျှတစွာ တာဝန်ယူမှု'သည် ယင်းကို တောင်းဆိုသော အဖွဲ့အစည်းနှင့် သက်ဆိုင်၏။

တရားခွင်သို့ ပြည်သူတို့ ဝင်ရောက်ကြားနာခွင့်မှာ တရားမျှတကြောင်း အကြောင်းပြချက်ဟု ယူဆနိုင်သော အခြေအနေများအနက် ဥပမာတစ်ခုမှာ ပြင်းထန်သော လိင်အကြမ်းဖက်မှု (သို့) ယင်းသို့ အကျူးလွန်ခံရသူက ၎င်း၏ ကိုယ်ရေးအချက်အလက်ကာကွယ်ပိုင်ခွင့်အတွက်  အထက်ပါကန့်သတ်ချက်မျိုးကို  တောင်းဆိုလာခြင်းဖြစ်၏။ နောက်ထပ် ဥပမာတစ်ခုမှာ အကြမ်းဖက်မှုနှင့် ဆက်စပ်အမှုတွဲများ၌ သက်သေများအား အကာအကွယ်ပေးရန် (သို့) အလွန် ထိရှလွယ်သော အမျိုးသားလုံခြုံရေးအချက်အလက်များကို လျှို့ဝှက်ထားရန်အလို့ငှာ အများပြည်သူ ဝင်ရောက်ကြားနာခွင့်အား ပိတ်ပင်ခြင်းမျိုးဖြစ်၏။

တစ်ချိန်တည်းမှာပင် တရားဝင်အကျိုးစီးပွားများကို ကာကွယ်ရန် ကျူးကျော်ဝင်ရောက်မှု နည်းပါးအောင် တားဆီးရေးအစီအမံများ မရရှိနိုင်သော အခြေအနေမျိုး၌သာ တရားရုံးများက အများပြည်သူ ဝင်ရောက်ကြားနာခွင့်ကို လက်တွေ့ကျကျ တတ်နိုင်သမျှ အကန့်အသတ်ဖြင့် ပိတ်ပင်သင့်၏။  ဥပမာ- တံခါးပိတ် စစ်မေးမှုအတွင်း မုဒိမ်းကျင့်ခံရသူတစ်ဦးက  သက်သေခံချက်ပေးစဉ် (သို့) ထိုအမှုမပေါက်ကြား အောင်တားဆီး ရေးနည်းလမ်းများနှင့် အညီ သက်သေခံခွင့်ပြုထားစဉ်ကာလများအတွင်း ၎င်း၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကို ကာကွယ်ပေးရန် အများပြည်သူ ဝင်ရောက်ကြားနာခွင့်အား ပိတ်ပင်ခြင်းမျိုးဖြစ်၏။ မီဒီယာသတင်းထုတ်ပြန်မှုကို ပိတ်ပင်ခြင်းမှာ တရားခွင်မှ သတင်းများ ပေါက်ကြားမှုကို ကန့်သတ်ရန် အခြားနည်းလမ်းတစ်ခုဖြစ်လေ၏။

ကိုဗစ်-၁၉ ကပ်ရောဂါကာလ လူမစုဘဲ ခပ်ခွာခွာနေရေးအစီအမံများက အများပြည်သူ ဝင်ရောက်ကြားနာခွင့်အတွက် စိန်ခေါ်မှုအသစ် ဖြစ်လာ၏။ ပြည်သူ့ကျန်းမာရေးအတွက် လိုအပ်လျှင် တရားရုံးများက တရားခွင်သို့ လူကိုယ်တိုင်တက်ရောက်သူဦးရေကို တရားဝင် ကန့်သတ်နိုင်၏။ ထိုအခြေအနေမျိုး၌ မိသားစုဝင်များနှင့် သတင်းမီဒီယာ (သို့) လွတ်လပ်သော လေ့လာသူများ စသည်ဖြင့် ပုဂ္ဂိုလ်အမျိုးအစားအလိုက် ဦးစားပေးအစီအစဉ်မျိုးဖြင့် ခွင့်ပြုသင့်ပြီး၊ ဗီဒီယိုလွှင့်ပေးခြင်းကဲ့သို့သော အခြားနည်းလမ်းများမှတစ်ဆင့်လည်း အမှုတွဲများ စီရင်ဆုံးဖြတ်ပုံကို ကြည့်ရှုနိုင်ရန် စီစဉ်ပေးလျှင် အများပြည်သူ ဝင်ရောက်ကြားနာခွင့်ကို တတ်နိုင်သမျှ အနည်းဆုံး ကန့်သတ်ချက်ဖြင့် ခွင့်ပြုရာရောက်လေ၏။

---

[2] *ကျော်ဇောလွင် (ခ) ညီညီအောင်နှင့် မြန်မာနိုင်ငံ*၊ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ၊ သဘောထားမှတ်ချက် အမှတ် ၂၃/၂၀၁၀၊ အပိုဒ် ၂၀။

## တံခါးပိတ်တရားစီရင်မှုများနှင့် ဆက်စပ်သော ရပိုင်ခွင့်ချိုးဖောက်မှုများ

သင့်လျော်သော အကြောင်းပြချက်မရှိဘဲ ပြည်သူတို့ဝင်ရောက်ကြားနာခွင့်ကို တစ်စိတ်တစ်ပိုင်း (သို့) အပြည့်အဝ ပိတ်ပင်သော တရားစီရင်မှုမျိုး၌ တရားသူကြီးတို့ လွတ်လပ်မှုမရှိကြောင်း (သို့) ဘက်လိုက်ကြောင်းတို့ မကြာခဏ တွေ့မြင်ရ၏။ ထို့အပြင် ဤသို့သော အမှုတွဲများသည် မျှတသော တရားစီရင်ရေးအတွက် အာမခံချက်များကို ချိုးဖောက်မှုများနှင့် အမြဲလိုလို ဆက်စပ်လျက် ရှိရာ ယင်းတို့တွင် အောက်ပါအချက်များ ပါဝင်လျက်ရှိ၏။

- တရားသူကြီးတို့ မည်သူမည်ဝါဖြစ်သည်ဟူသော အထောက်အထားကို ဖုံးကွယ်ရန် 'မျက်နှာဖုံးစွပ်တပ် တရားသူကြီးများ' ရုံးထိုင်သော ဖြစ်စဉ်။ ဤအလေ့အထသည် ICCPR အပိုဒ်ခွဲ ၁၄(၁) အရ လွတ်လပ်ပြီး သမာသမတ်ကျရန် လိုအပ်သည်ဟူသော အချက်နှင့် အပိုဒ်ခွဲ ၁၄(၂) အရ 'အပြစ်ကင်းသည်' ဟု ယူဆ ရန် လိုအပ်သည်ဟူသော အချက်တို့နှင့် ကိုက်ညီမှု မရှိချေ။
- ICCPR အပိုဒ်ခွဲ ၁၄(၃)(ခ)နှင့် ၁၄(၃)(ဃ)တို့က အာမခံထားသော မိမိကိုယ်တိုင် (သို့) မိမိကိုယ်တိုင် ရွေးချယ်သည့် ဥပဒေအကျိုးဆောင်၏ အကူအညီဖြင့် မိမိကိုယ်ကို ခုခံကာကွယ်ရန်" ဟူသော ရပိုင်ခွင့်နှင့် "မိမိကိုယ်ကို ကာကွယ်ရန် ပြင်ဆင်ရေးအပြင် ဥပဒေအကြံဉာဏ်ရယူရေးအတွက် မိမိရွေးချယ်သူနှင့် ဆက်သွယ်ရန်အတွက် လုံလောက်သော အချိန်နှင့် အထောက်အပံ့များ ရရှိစေရမည်" ဟူသော ရပိုင်ခွင့်တို့ ကို ချိုးဖောက်ခြင်း။ အမှုတွဲများတွင် ထိရောက်စွာ ပါဝင်နိုင်သော ထိုအခွင့်အရေးများအရ ဥပဒေအကြံ ပေးအား ပိတ်ပင်ထားသော အကျဉ်းထောင်အဆောက်အအုံများ (သို့) ဝင်ရောက်ခွင့်ကို တားမြစ်ထားမှု တို့ကြောင့် (သို့) စွပ်စွဲခံရသူနှင့် ၎င်း၏ ရှေ့နေအကြား သီးသန့်လုံခြုံစွာ ဆက်သွယ်မှုများကို အဟန့်အတား ဖြစ်စေသော တရားခွင်များ၌ ရုပ်ပိုင်းဆိုင်ရာကန့်သတ်ချက်ကဲ့သို့သော လုံခြုံရေးအစီအမံတချို့ကြောင့် အဟန့်အတား ဖြစ်စေနိုင်၏။ စွပ်စွဲခံရသူ (သို့) ၎င်း၏ရှေ့နေအား သက်ဆိုင်ရာအထောက်အထားများ ထုတ်ဖော်ပြသရန် (ရာဇဝတ်မှုဖြင့် တရားစွဲ တောင်းဆိုသော) နိုင်ငံတော်အနေဖြင့် အဆိုပါ ရပိုင်ခွင့်များ အတွက် တာဝန်ခံရမည်။ ခြွင်းချက်အနေဖြင့် နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ရန်, ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရေးလျှို့ဝှက်နည်းလမ်းများအား ဖုံးကွယ်ရန် (သို့) အခြားသူများ၏ အခွင့်အရေး (ဥပမာ- သက်သေများကို လက်စားချေခြင်းမှ ကာကွယ်ခြင်း)တို့ကို ပုံမှန်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည့် အခြေအနေများရှိနိုင်သော်လည်း ယင်းခြွင်းချက်များအား အလွန်အကြွံ အသုံးပြုခြင်းမျိုးမှာ လျှို့ဝှက် တရားစီရင်သော အခြေအနေများ၌ ပို၍ ဖြစ်နိုင်ခြေများ၏။
- ICCPR အပိုဒ် ၁၄(၃)(င) အရ ကာကွယ်ပေးထားသော "အစွပ်စွဲခံရသူအား ဆန့်ကျင်သည့် သက်သေ များကို စစ်ဆေးခွင့် (သို့) စစ်ဆေးခံပိုင်ခွင့်နှင့် ၎င်းကိုယ်စား တရားခွင်သို့ တက်ရောက်ခြင်းနှင့် တရားလို ပြသက်သေများကို တရားဥပဒေအရ တန်းတူညီမျှ အခြေအနေများတွင် မေးမြန်းစစ်ဆေးခြင်း" တို့ကို ရယူပိုင်ခွင့်အား ချိုးဖောက်ခြင်းသည် လျှို့ဝှက်တရားစီရင်ရေး အခြေအနေများ၌ တွေ့ကြုံနိုင်ခြေ ပို၍

မြင့်မား၏။ ဤရပိုင်ခွင့်အရ တရားခွင်တွင် သက်သေများ မဖြစ်မနေ ရှိနေရန် မလိုအပ်ကြောင်း သတိပြုနိုင်၏။ ဥပမာအားဖြင့်- သက်သေအထောက်အထားကို ကာကွယ်ရန် လိုအပ်သည့် နေရာ၊ ဥပမာ- အသံကို ပုံဖျက်လျက် အဝေးမှ ထွက်ဆိုခြင်းမျိုးတို့ ဖြစ်၏။

လျှို့ဝှက်အမှုတွဲများ ဖွင့်လှစ်၍ စစ်ဆေးခြင်းသည် ယင်းနှင့် အခြားမျှတသော တရားစီရင်မှုဆိုင်ရာ အာမခံချက်များကို ချိုးဖောက်ရာ၌ လွယ်ကူချောမွေ့စေသည့် သဘောရှိ၏။ အဘယ်ကြောင့်ဆိုသော် တရားသူကြီးများသည် အများပြည်သူ ဝင်ရောက်ကြားနာ စိစစ်မှု မရှိလျှင် လုပ်ထုံးလုပ်နည်း စာအုပ်ကြီးများအတိုင်း စီရင် ဆုံးဖြတ်လေ့ရှိသော သဘာဝ စသည်တို့ ပါဝင်နိုင်သောကြောင့်တည်း။

## ရည်ညွှန်းချက်နှင့် ဆက်လက်ဖတ်ရှုရန် စာအုပ်စာတမ်းများ

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း, https://www.un.org/en/about-us/universal-declaration-of-human-rights
- နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာချုပ်(CCPR), https://www.ohchr.org/en/instruments-mechanisms/instruments/international-covenant-civil-and-political-rights
- ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၊ *အထွေထွေ မှတ်ချက်အမှတ် ၃၂ (အပိုဒ် ၁၄ - တရားရုံးနှင့် ခုံအဖွဲ့မတိုင်မီ တန်းတူညီစွာ ရှိခွင့်နှင့် မျှတသော စစ်ဆေးစီရင်ခွင့်)*၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့၊ CCPR/C/GC/32, https://tbinternet.ohchr.org/_layouts/15/treatybodyexternal/Download.aspx?symbolno=CCPR%2fC%2fGC%2f32&Lang=en
- Jared Genser, *The UN Working Group on Arbitrary Detention: Commentary and Guide to Practice* [မတရားသဖြင့်ဖမ်းဆီးထိန်းသိမ်းခြင်း ဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့ - သဘောထားမှတ်ချက်နှင့် လုပ်ငန်း လမ်းညွှန်] (2020, Cambridge, Cambridge University Press), https://www.perseus-strategies.com/wp-content/uploads/2020/04/Jared-Genser-The-UN-Working-Group-on-Arbitrary-Detention-Cambridge-University-Press-2019.pdf
- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (UN-OHCHR)၊ "အခန်း ၇ - မျှတစွာ တရားစီရင်ခံပိုင်ခွင့်၊ အပိုင်း ၂ - တရားခွင်မှသည် အပြီးသတ် အဆုံးအဖြတ်အထိ"၊ *လူ့အခွင့်အရေးဆိုင်ရာ တရားမျှတမှုစီမံခန့်ခွဲရေး - တရားသူကြီးများ၊ အစိုးရရှေ့နေများနှင့် ရှေ့နေများအတွက် လူ့အခွင့်အရေးလက်စွဲစာအုပ်*၊ (၂၀၀၃ ခုနှစ်၊ နယူးယောက်နှင့် ဂျနီဗာ)၊ https://www.ohchr.org/sites/default/files/Documents/Publications/training9chapter7en.pdf
- ကုလသမဂ္ဂ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှု လုပ်ငန်းအဖွဲ့၊ *အခြေခံ လူ့အခွင့်အရေး ကိုးကားချက် လမ်းညွှန် - အကြမ်းဖက်မှု တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ မျှတစွာ တရားစီရင်ခံပိုင်ခွင့် နှင့် လုပ်ငန်းစဉ်* (၂၀၁၅ ခုနှစ်၊ နယူးယောက်)၊ https://www.ohchr.org/sites/default/files/newyork/Documents/FairTrial.pdf
- European Court of Human Rights, *Guide on Article 6 of the European Convention on Human Rights* (Updated 30 April 2022, Strasbourg), https://www.echr.coe.int/documents/guide_art_6_criminal_eng.pdf
- Amal Clooney and Philippa Webb, “Right to a Public Trial” in *The Right to a Fair Trial in International Law* [နိုင်ငံတကာဥပဒေအရ "အများပြည်သူရှေ့မှောက်၌ ကြားနာစစ်ဆေးခံပိုင်ခွင့်"] (2021, Oxford, Oxford University Press)
- Philipp Eschenhagen and Max Jürgens, “Public Hearings in Pandemic Times” [ကပ်ရောဂါဘေး အန္တရာယ်ကာလများတွင် အများပြည်သူရှေ့မှောက်၌ ကြားနာစစ်ဆေးခြင်း], 2021(1) *Bucerius Law Journal*, pp. 7-11, https://law-journal.de/wp-content/uploads/2021/09/BLJ_2021_01.pdf